# SHORT TERM ENDOWMENT

## LIFE INSURANCE INFORMATION CHECKLIST

## နှစ်တိုငွေပင်ငွေရင်းအသက်အာမခံအကြောင်းသိကောင်းစရာ

AMI Life
အသက်အာမခံ

မျှော်လင့်မထားသောဖြစ်ရပ်များ ကြုံတွေ့ပါက ငွေကြေးအထောက်အပံ့ရရှိစေရန်နှင့် ကာလတစ်ခုကုန်ဆုံးချိန်တွင်မျှော်မှန်းထားသည့် ငွေပမာဏစုဆောင်းမိစေရန် ရည်ရွယ်ချက်ဖြင့် နှစ်တိုငွေပင်ငွေရင်း၊ Short Term Endowment Life Insurance အာမခံအမျိုးအစားကိုဆောင်ရွက်ခြင်းဖြစ်ပါသည်။

- **အာမခံထားခွင့်ရှိသူ**

  အသက်(၁၀)နှစ်မှ(၆၀)နှစ်အတွင်းရှိသူများအာမခံထားရှိနိုင်ပါသည်။
  (က)မိမိ၏အသက် (ခ)ဇနီး - ခင်ပွန်း အပြန်အလှန် (ဂ) မိဘမှသားသမီးများ၏အသက်ကိုအာမခံထားရှိနိုင်ပါသည်။
  အရွယ်မရောက်သေးသူ အသက်(၁၀)နှစ်မှ (၁၈)နှစ်အတွင်းရှိသူဖြစ်လျှင်မိဘ/အုပ်ထိန်းသူ၏ခွင့်ပြုချက်စာဖြင့် အသက်အာမခံထားရှိနိုင်ပါသည်။

- **အာမခံထားငွေ**

  အာမခံထားငွေအနည်းဆုံးကျပ်(၁၀)သိန်းမှအများဆုံး ကျပ်သိန်း(၅၀၀)ထိအာမခံထားနိုင်ပါသည်။

- **ပရီမီယံ**

  ပရီမီယံကို၁လတစ်ကြိမ်၊ ၃လတစ်ကြိမ်၊ ၆လတစ်ကြိမ်၊ ၁၂လတစ်ကြိမ်အရစ်ကျပေးသွင်းနိုင်သည်။ အရစ်ကျပရီမီယံကို ပေါ်လစီတွင်ဖော်ပြထားသည့် ပရီမီယံပေးသွင်းရန်စေ့သည့်နေ့မှ အပိုရက်ပေါင်း(၃၀)အတွင်းပေးသွင်းရပါမည်။အပိုရက်အတွင်းပရီမီယံပေး သွင်းရန်ပျက်ကွက်လျှင်ပေါ်လစီပျက်ပြယ်မည်ဖြစ်ပါသည်။

- **အာမခံသက်တမ်း**

  အာမခံသက်တမ်းကို ၅နှစ်၊ ၇နှစ်၊ ၁၀နှစ်ထားနိုင်ပါသည်။
  သို့ရာတွင်အသက်(၅၆)နှစ်မှ (၅၈)နှစ်ထိရှိသူများမှာ အာမခံသက်တမ်း(၇)နှစ်ထိလည်းကောင်း၊ အသက်(၅၉)နှစ်မှ (၆၀)နှစ်ထိ ရှိသူများမှာ အာမခံသက်တမ်း(၅)နှစ်ထိလည်းကောင်း ရွေးချယ်ထားနိုင်ပါသည်။

- **အာမခံအကာအကွယ်**

  - သေဆုံးခြင်း
  - ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း(မျက်စိနှစ်ဖက်လုံးဝကွယ်ခြင်း၊ လက်ကောက်ဝတ် အထက်မှလက်နှစ်ဖက်လုံးဝပြတ်ခြင်း ၊ခြေချင်းဝတ်အထက် ခြေနှစ်ဖက် လုံးဝပြတ်ခြင်း တို့ကြောင့် အလုပ်လုပ်ကိုင်နိုင်းခြင်းမရှိဟု ဆရာဝန်၏ မှတ်ချက်ဖြင့်ထာဝစဉ်မသန်စွမ်းဟု သတ်မှတ်ပါသည်။

---

- **အကျိုးခံစားခွင့်**

  ပေါ်လစီတည်မြဲပါက နှစ်စေ့ငွေ၊ သေဆုံးခြင်း၊ ထာဝစဉ်မသန်စွမ်းဖြစ်ခြင်းများကိုရရှိနိုင်ပြီး စာရင်းပိတ်ခြင်း၊ အမ်းငွေထုတ်ယူခြင်း၊ ချေးငွေစသည့် အကျိုးခံစားခွင့်များ ရရှိနိုင်ပါသည်။

- **ကျန်းမာရေးဆေးစစ်ချက်**

  အာမခံထားငွေအရသော်လည်းကောင်း၊ အသက်အရသော်လည်းကောင်း လိုအပ်ပါကအာမခံထားသူသည် ကျန်းမာရေးဆေးစစ်မှုခံယူရမည်။ ဧရာမြန်မာအသက်အာမခံနှင့် ချိတ်ဆက်ထားသည့် ဆေးရုံ၊ ဆေးခန်းများမှ ဆရာဝန်များက ကျန်းမာရေးစစ်ဆေးပါမည်။

- **အကျိုးခံစားခွင့်လွှဲပြောင်းခြင်း**

  မည်သူ့ကိုမဆို တစ်ဦးတည်းဖြစ်စေ သို့မဟုတ် တစ်ဦးထက်ပို၍ဖြစ်စေ နှစ်သက်ရာရာခိုင်နှုန်းအချိုးအစားအလိုက်လွှဲပြောင်းပေးနိုင်ပါသည်။

- **အလိုအလျောက်ပေါ်လစီတည်မြဲခြင်း**

  - အမ်းငွေရသင့်တန်ဖိုးရရှိနိုင်သောပေါ်လစီတွင် ပရီမီယံပေးသွင်းခြင်း ပျက်ကွက်သော်လည်း ပေါ်လစီမပျက်ပါ။ ပေးသွင်းရန်ကျန်သည့် ပရီမီယံအတိုးများနှင့် ဧရာမြန်မာအသက်အာမခံမှရရန်ရှိငွေများကို အမ်းငွေရသင့်တန်ဖိုးမှ အရစ်ကျအတိုင်းနုတ်ယူပြီး ပေါ်လစီကိုအလိုအလျောက် ဆက်လက်တည်မြဲစေနိုင်ပါသည်။ အဆိုပါပေးရန်ကျန်သည့် ပရီမီယံငွေပေါ်တွင် အာမခံထားသူက တစ်နှစ်လျှင် ၈% အတိုးပါပေးသွင်းရမည်ဖြစ်ပါသည်။

  - အထက်တွင်ဖော်ပြခဲ့သည့်နည်းဖြင့် အလိုအလျောက်တည်မြဲစေသည့်ပေါ်လစီအတွက်ပေးရန်ကျန်သည့် ပရီမီယံစုစုပေါင်းနှင့်အတိုးကိုတစ်ကြိမ်တည်း ပေးဆပ်ခြင်းဖြင့်ပေါ်လစီကိုပြန်လည် တည်မြဲစေနိုင်သည်။ ဤကဲ့သို့တည်မြဲစေရာတွင် ကျန်းမာရေးစစ်ဆေးရန်လိုအပ်သည်ဟု ဧရာမြန်မာအသက်အာမခံမှ ယူဆပါလျှင် ပြန်လည်စစ်ဆေးမှုခံယူရမည်ဖြစ်ပြီး ကျန်းမာရေးစစ်ဆေးမှုစရိတ်ကို အာမခံထားသူမှကျခံရပါမည်။

  - အကယ်၍ ကျန်းမာရေးစစ်ဆေးသည့် ဆရာဝန်၏ထောက်ခံချက်အရ ကျန်းမာရေးအခြေအနေသည်လက်ခံနိုင်သည့် အနေအထားရှိလျှင် ပေါ်လစီကိုပြန်လည်တည်မြဲခွင့်ပြုမည်ဖြစ်ပါသည်။ သို့ရာတွင် ကျန်းမာရေးစစ်ဆေးသည့်ဆရာဝန်၏ ထောက်ခံချက်အရ ကျန်းမာရေးအခြေအနေသည်လက်ခံနိုင်သည့် အနေအထားမရှိပါက ပေါ်လစီကိုပြန်လည်တည်မြဲခွင့်ပြုမည်မဟုတ်ပါ။

  - အမ်းငွေရသင့်တန်ဖိုးမရရှိနိုင်သော (၁နှစ်ဆက်တိုက် ပရီမီယံမပေးသွင်းရသေးသော) ပေါ်လစီပျက်နေချိန်တွင် အာမခံထားသူ သေဆုံးခြင်း/ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ပါက မည်သည့်အကျိုးခံစားခွင့်မှ မရနိုင်ပါ။


စာမျက်နှာသို့ Next

# SHORT TERM ENDOWMENT
## LIFE INSURANCE INFORMATION CHECKLIST
## နှစ်တိုငွေပင်ငွေရင်းအသက်အာမခံအကြောင်းသိကောင်းစရာ

AMI Life
အသက်အာမခံ

- **အလိုအလျောက်ပေါ်လစီတည်မြဲခြင်း**

- အလိုအလျောက် ပေါ်လစီတည်မြဲသောကာလအတွင်း အာမခံထားသူ ကွယ်လွန်/ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ခဲ့သော် တင်ရှိနေသည့် ပရီမီယံကြွေးများ၊ တစ်နှစ်လျှင်၈% ဖြင့်ကျသင့်အတိုးနှင့် ကုမ္ပဏီမှရရန်ရှိသောငွေများကို နုတ်ယူပြီးလျှင် ကျန်အာမခံငွေများကို တစ်လုံးတည်းထုတ်ပေးမည်။ သို့ရာတွင်အာမခံထားသူမှ ပြန်လည်ပေးဆပ်ရမည့် စုစုပေါင်းငွေ ပမာဏသည် ၄င်းရခွင့်ရှိသောအမ်းငွေရသင့်တန်ဖိုးထက်ပိုနေလျှင် ပေါ်လစီပျက်ပြယ်သည်။ ထိုအချိန်တွင် အာမခံထားသူ သေဆုံး/ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ပါက အာမခံထားငွေကို ရနိုင်ခွင့်မရှိပါ။ သို့ရာတွင် အာမခံထားသူကွယ်လွန်/ထာဝစဉ်မသန်စွမ်းဖြစ်ပေါ်ချိန်၌ ပေါ်လစီအရ ရနိုင်သောစာရင်းပိတ်တန်ဖိုးကို တွက်ချက်ပြီးအာမခံထားသူမှ ပေးရန်ကျန်သည့်စုစုပေါင်းငွေကို နုတ်၍ ကျန်ငွေကိုအာမခံထားသူ/အကျိုးခံစားခွင့်ရှိသူကိုထုတ်ပေးပါမည်။

- **အာမခံထားသူအမ်းငွေရသင့်တန်ဖိုးထုတ်ယူနိုင်ခြင်း**

- ကျသင့်ပရီမီယံကို ၁နှစ်တစ်ဆက်တည်းပေးသွင်းပြီးပါက ပရီမီယံကို ဆက်လက်ပေးသွင်းခြင်း မပြုနိုင်တော့သဖြင့် ပေါ်လစီကို အမ်းငွေရသင့်တန်ဖိုးထုတ်ပေးရန် အကြောင်းကြား လာလျှင်အမ်းငွေရသင့်တန်ဖိုးနှုန်းထား ဇယားပါအတိုင်း ရခွင့်ရှိသည့် အမ်းငွေရသင့်တန်ဖိုးကို အာမခံထားသူသို့ တစ်လုံးတည်းထုတ်ပေးပါမည်။

- **လျော်ကြေးအကျုံးမဝင်သည့်အချက်များ**

- အာမခံစသည့်နေ့မှတစ်နှစ်အတွင်းမိမိကိုယ်ကိုသတ်သေခြင်း
- အာမခံဝယ်ယူစဉ်ကဖော်ပြရန်ထိန်ချန်ခဲ့သောရှိရင်းစွဲရောဂါကြောင့် ပေါ်လစီစတင်သည့်နေ့မှ တစ်နှစ်အတွင်းသေဆုံးခြင်း
- မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့်ဖြစ်သည့်ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း
- ဘေးအန္တရာယ်ဖြစ်စေသောဆေးကိုမှီဝဲခြင်းကြောင့်ဖြစ်သည့်ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း
- ကြိုတင်ရည်ရွယ်ချက်ဖြင့်မိမိကိုယ်ကိုအနာတရဖြစ်အောင်လုပ်ခြင်းကြောင့်ဖြစ်သည့်ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း
- မိမိကိုယ်ကိုသတ်သေခြင်းကြောင့်မသေဘဲထာဝစဉ်မသန်စွမ်းဖြစ်ခြင်း
- ကိုယ်တိုင်ရာဇဝတ်မှုကျူးလွန်ခြင်းကြောင့်ဖြစ်သည့်ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း
- အာမခံဝယ်ယူစဉ်ကဖော်ပြရန်ထိန်ချန်ခဲ့သောရှိရင်းစွဲရောဂါကြောင့်ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း

- **မှတ်ချက်**

ဤစာရွက်စာတမ်းသည် ယေဘုယျသတင်းအချက်အလက်မျှသာဖြစ်ပါသည်။ အာမခံသော စာချုပ်မဟုတ်ပါ။ အာမခံ(သို့မဟုတ်) ဝန်ဆောင်မှုအား ဝယ်ယူရန်ကမ်းလှမ်းချက်လည်း မဟုတ်ပါ။ ထို့အပြင်တစ်စုံတစ်ရာကို အာမခံပေးခြင်း (သို့မဟုတ်) ငွေကြေးဆိုင်ရာကို အကြံပေးခြင်းလည်းမဟုတ်ပါ။ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီချုပ်ဆို ထားသောစာချုပ်ကို စိတ်ဝင်စားပါကဝယ်ယူရန် သင့်၊မသင့်ကို အထက်ဖော်ပြပါ အချက်များအားဖတ်ရှု လေ့လာပြီး မှသာ ဆုံးဖြတ်ဝယ်ယူရန်ဖြစ်ပါသည်။

ရက်စွဲ --------------------

| • အာမခံလက်ခံသူ | | • အာမခံထားသူ | |
|---|---|---|---|
| လက်မှတ် | ---------------------------- | လက်မှတ် | ---------------------------- |
| ဝန်ထမ်းအမည် | ---------------------------- | အမည် | ---------------------------- |
| ရာထူး | ---------------------------- | ဖုန်းနံပါတ် | ---------------------------- |

Hotline နံပါတ် 09-940077773 (Sales Enquiries : Ext 2 နှင့် Claims Enquiries: Ext 4) သို့ အချိန်မရွေး ဆက်သွယ်နိုင်ပါသည်။